# Information Sheet



**VOLUME IV, ISSUE 38** 3 January 2024


| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နေပြည်တော်၊ ပျဉ်းမနားမြို့ မြို့တော်ထိပ်ပန်မင်္ဂလာစေတီတော် အထက်ဌာပနာသွင်း၊ ရွှေထီးတော်တင်နှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကျင်းပ | ၁ |
| ၂ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုညစာစားပွဲနှင့် ဂုဏ်ပြုဖျော်ဖြေရေးအစီအစဉ် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ ကြည့်ရှုစစ်ဆေး | ၄ |
| ၃ | ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီအစည်းအဝေး(၂/၂၀၂၃) သို့ တက်ရောက်အမှာစကားပြောကြား | ၅ |
| ၄ | ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး၏ (၅) ထပ် ကုသဆောင်သစ်နှင့် ဆေးတက္ကသိုလ်-တောင်ကြီး၊ သင်ကြားရေး (၄) ထပ် စာသင်ဆောင်ဖွင့်ပွဲအခမ်းအနား တက်ရောက် | ၆ |
| ၅ | တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန် လုပ်ကြံသတင်းများ ရေးသားဖြန့်ဝေလျက်ရှိ | ၇ |
| ၆ | ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ပပို့ကုန်များ တိုးမြှင့်ဆောင်ရွက်လျက်ရှိ | ၁၀ |
| ၇ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၌ ငွေကျပ် ၁ ဒသမ ၅၇ ဘီလီယံကျော် တန်ဖိုးရှိ ဘိန်းဖြူ၊ စိတ်ကြွရူးသွပ်ဆေးပြားနှင့် အိုက်စ်(မက်သ်အဖက်တမင်း)များ ဖမ်းဆီးရမိ | ၁၁ |
| ၈ | အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဆက်လက်ဖော်ထုတ်အရေးယူ | ၁၂ |
| ၉ | ငြင်းလို့မရတဲ့ AA အဖွဲ့ရဲ့ မူးယစ်ဆေးဝါးကုန်သွယ်မှု (ဆောင်းပါး) | ၁၃ |

# Information Sheet

## နေပြည်တော်၊ ပျဉ်းမနားမြို့ မြို့တော်ထိပ်ပန်မင်္ဂလာစေတီတော် အထက်ဌာပနာသွင်း၊ ရွှေထီးတော်တင်နှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကျင်းပ



နေပြည်တော်၊ ပျဉ်းမနားမြို့၊ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျံကျောင်းတိုက် ဝတ္ထုကံတော်အတွင်းရှိ မြို့တော်ထိပ်ပန်မင်္ဂလာစေတီတော် အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်နှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ဇန်နဝါရီလ ၂ ရက်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အလှူရှင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဝတ်အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားများကို အစီအစဉ်အတိုင်းကျင်းပပြုလုပ်ရာ ပါဠိဆရာတော်ကြီးအမှူးပြု၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မင်္ဂလာအချိန်တွင် အထက်ဌာပနာတိုက်အတွင်းသို့ ဌာပနာတော်သွင်းလှူပူဇော်ပြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား မင်္ဂလာရထားပုံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်တင်လှူပူဇော်ခဲ့ကြောင်းနှင့် ကြွရောက်လာကြသည့် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရှိရပါသည်။

(မြဝတီသတင်းစာ ၃-၁-၂၀၂၄)

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော်၊ ပျဉ်းမနားမြို့ မြို့တော်ထိပ်ပန်မင်္ဂလာစေတီတော် အထက်ဌာပနာသွင်း၊ ရွှေထီးတော်တင်နှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားသို့ တက်ရောက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ**







- မြို့တော်ထိပ်ပန်မင်္ဂလာစေတီတော် အထက်ဌာပနာသွင်း၊ ရွှေထီးတော်တင်နှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားသို့ ဆရာတော်ကြီးများ အမှူးပြု၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့တက်ရောက်ကာ ဌာပနာတော်သွင်းလှူပူဇော်ပြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား စေတီတော်အထွတ်သို့ ပင့်ဆောင်တင်လှူပူဇော်ခဲ့။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော်၊ ပျဉ်းမနားမြို့ မြို့တော်ထိပ်ပန်မင်္ဂလာစေတီတော် အထက်ဥာပနာသွင်း၊ ရွှေထီးတော်တင်နှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားသို့ တက်ရောက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ







# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုညစာစားပွဲနှင့် ဂုဏ်ပြုဖျော်ဖြေရေးအစီအစဉ် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ ကြည့်ရှုစစ်ဆေး



(၇၆)နှစ်မြောက်လွတ်လပ်ရေးနေ့ကျင်းပရေးဗဟို ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် အခမ်းအနားကျင်းပရေးဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီလ ၂ ရက်တွင် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဥပစာမြက်ခင်းပြင်နှင့် ဂုဏ်ပြု ခန်းမဆောင်ကြီး၌ ကျင်းပမည့် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုညစာစားပွဲနှင့် ဂုဏ်ပြုဖျော်ဖြေရေးအစီအစဉ်များ ပြင်ဆင် ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရှိရပါသည်။

(မြဝတီသတင်းစာ ၃-၁-၂၀၂၄)

- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဥပစာမြက်ခင်းပြင်နှင့် ဂုဏ်ပြုခန်းမဆောင်ကြီး၌ ကျင်းပမည့် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုညစာစားပွဲနှင့် ဂုဏ်ပြုဖျော်ဖြေရေးအစီအစဉ် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှု စစ်ဆေးခဲ့။**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီအစည်းအဝေး(၂/၂၀၂၃) သို့ တက်ရောက်အမှာစကားပြောကြား



မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီအစည်းအဝေး(၂/၂၀၂၃) ကို ဇန်နဝါရီလ ၁ ရက်တွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပခဲ့ရာ မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက်အမှာစကားပြောကြားခဲ့ပါသည်။

အစည်းအဝေးသို့ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပါသည်။

ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက အမှာစကားပြောကြားရာတွင်-

- အာဆီယံနိုင်ငံများတွင် အကောင်အထည်ဖော်နေသည့် အာဆီယံ IPR Action Plan များကိုလည်း မြန်မာနိုင်ငံအနေဖြင့် လိုက်ပါအကောင်အထည်ဖော် ဆောင်ရွက်ပြီး ဒေသဆိုင်ရာမူပိုင်ခွင့်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဦးဆောင်နိုင်ငံတစ်ခုအဖြစ် ရပ်တည်လာနိုင်စေရန် အထူးကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။
- ယခုကဲ့သို့ မူပိုင်ခွင့်ဥပဒေများ ပြဋ္ဌာန်းကျင့်သုံးဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အထောက်အကူဖြစ်စေခြင်း၊ လုပ်ငန်းရှင်များအတွက် မူပိုင်ခွင့်အကာအကွယ်ပေးသည့်စနစ် ခိုင်မာလာစေခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ၊ လူသားအရင်းအမြစ်များ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်ခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းအသစ်များ ပေါ်ပေါက်လာနိုင်ခြင်း၊ အဆင့်မြင့်နည်းပညာများကို လွှဲပြောင်းရယူနိုင်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုမြင့်မားတိုးတက်လာနိုင်ခြင်း စသည့် အကျိုးကျေးဇူးများစွာကို ရရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီးနောက် ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂-၁-၂၀၂၄)**

- ယခုကဲ့သို့ မူပိုင်ခွင့်ဥပဒေများ ပြဋ္ဌာန်းကျင့်သုံးဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် အထောက်အကူဖြစ်စေခြင်း၊ လုပ်ငန်းရှင်များအတွက် မူပိုင်ခွင့်အကာအကွယ်ပေးသည့်စနစ် ခိုင်မာလာစေခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ၊ လူသားအရင်းအမြစ်များ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းအသစ်များ ပေါ်ပေါက်လာနိုင်ခြင်း၊ အဆင့်မြင့်နည်းပညာများကို လွှဲပြောင်းရယူနိုင်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုမြင့်မားတိုးတက်လာနိုင်ခြင်းစသည့် အကျိုးကျေးဇူးများစွာကို ရရှိနိုင်မည်ဖြစ်၏။

## ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး၏ (၅) ထပ်ကုသဆောင်သစ်နှင့် ဆေးတက္ကသိုလ်-တောင်ကြီး၊ သင်ကြားရေး (၄) ထပ်စာသင်ဆောင် ဖွင့်ပွဲအခမ်းအနားတက်ရောက်



(၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် တောင်ကြီးမြို့၊ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး၊ (၅) ထပ်ကုသဆောင်သစ်ဖွင့်ပွဲအခမ်းအနားနှင့် ဆေးတက္ကသိုလ်-တောင်ကြီး သင်ကြားရေး (၄) ထပ်စာသင်ဆောင်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၂ ရက်တွင် ကျင်းပခဲ့ရာ အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ဌာနဆိုင်ရာအသီးသီးမှ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဆေးကျောင်းသား/ကျောင်းသူများ တက်ရောက်ခဲ့ကြပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဆေးတက္ကသိုလ်-တောင်ကြီး (၄) ထပ်စာသင်ဆောင်နှင့် (၅) ထပ်ကုသဆောင်သစ်တို့ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ပါသည်။ ယခုဖွင့်လှစ်သည့် စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး (၅) ထပ် ကုသဆောင်သစ်ကို နိုင်ငံတော်၏ ခွင့်ပြုရန်ပုံငွေကျပ် ၂ ဒသမ ၅ ဘီလီယံကျော် (၂၅၉၂ ဒသမ ၅ ကျပ်သန်း) အကုန်ကျခံ၍ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ဆေးတက္ကသိုလ်-တောင်ကြီး (၄) ထပ်စာသင်ဆောင်သစ်ကို စုစုပေါင်းကုန်ကျငွေ ကျပ်သန်းပေါင်း (၁၄၀၃) သန်းကို အသုံးပြုကာ တည်ဆောက်ခဲ့ခြင်းပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် တောင်ကြီးမြို့ သူနာပြုသင်တန်းကျောင်းနှင့် သားဖွားသင်တန်းကျောင်းသို့သွားရောက်ကာ ဆရာ/ဆရာမ၊ သင်တန်းသား/သင်တန်းသူများကို တွေ့ဆုံပြီး သင်ကြားရေးလုပ်ငန်းများနှင့် နေထိုင်စားသောက်ရေးအတွက် လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းပေးခဲ့ပြီး ထောက်ပံ့ငွေပေးအပ်ခဲ့ကြောင်းသိရှိရပါသည်။

**(မြဝတီသတင်းစာ ၃-၁-၂၀၂၄)**



- စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး (၅) ထပ်ကုသဆောင်သစ်ကို နိုင်ငံတော်၏ခွင့်ပြုရန်ပုံ ငွေကျပ် ၂ ဒသမ ၅ ဘီလီယံကျော် (၂၅၉၂ ဒသမ ၅ ကျပ်သန်း) အကုန်ကျခံ၍ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ဆေးတက္ကသိုလ်-တောင်ကြီး (၄) ထပ် စာသင်ဆောင်သစ်ကို စုစုပေါင်းကုန်ကျငွေ ကျပ်သန်းပေါင်း (၁၄၀၃) သန်းကို အသုံးပြု၍ တည်ဆောက်ခဲ့။

## တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန် လုပ်ကြံသတင်းများ ရေးသားဖြန့်ဝေလျက်ရှိ

တရားမဝင် ပြည်ဖျက်မီဒီယာများမှ နိုင်ငံတွင်းမတည်မငြိမ်ဖြစ်စေရန်နှင့် ဆူပူမှုများဖြစ်လာစေရန်အတွက် ကဏ္ဍပေါင်းစုံတွင် မဟုတ်မမှန်သတင်းများ လုပ်ကြံဖန်တီးရေးသားလျက်ရှိသည့်အပြင် တပ်မတော်နှင့် ပြည်သူများအကြား သွေးကွဲစေရန်၊ နိုင်ငံတကာမျက်နှာစာတွင် တပ်မတော်အား အထင်အမြင်လွဲမှားစေရန်အတွက် နည်းလမ်းမျိုးစုံအသုံးပြု၍ သွေးခွဲသပ်လျှို လျက်ရှိပါသည်-

- တရားမဝင်မီဒီယာ Khit Thit မှ တင်ထားသော ကောလင်းမြို့နယ်၊ တောင်မော်ရွာကို တပ်မတော်မှ လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ပြည်သူ ၁ ဦးသေဆုံး၊ နေအိမ် ၁ လုံး မီးလောင်ပြာကျခဲ့ဟူသည့်သတင်းသည် မဟုတ်မမှန်သတင်းအတုဖြစ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါရွာအား လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ခြင်းမရှိကြောင်း သိရှိရ။

- တရားမဝင်မီဒီယာ The Tanintharyi Times မှ တင်ထားသော တနင်္သာရီမြို့၊ ညောင်ပင်ကွင်းကျေးရွာကို နှစ်သစ်ကူးချိန်တွင် တပ်မတော်က လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့မှုကြောင့် လူနေအိမ်တချို့ ထိခိုက်ပျက်စီးခဲ့ဟူသည့်သတင်းသည် သတင်းအမှားဖြစ်ပြီး သတင်းအမှန်မှာ အဆိုပါကျေးရွာအနီးရှိ နယ်မြေခံတပ်ရင်းအား PDF အကြမ်းဖက်သမားများက လက်လုပ်စိန်ပြောင်းများဖြင့် ပစ်ခတ်ခဲ့ရာ ကျေးရွာအတွင်း ကျရောက်ပေါက်ကွဲခဲ့ကြောင်း သိရှိရ။

- တရားမဝင်မီဒီယာ DVB TV News မှ တင်ထားသော ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့ရှိ ရဲတပ်ရင်းက လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သောကြောင့် ပြည်သူ ၁ ဦးသေဆုံးကာ ၅ ဦး ဒဏ်ရာရရှိခဲ့ဟူသည့်သတင်းသည် သတင်းအမှားဖြစ်ပြီး သတင်းအမှန်မှာ AA သောင်းကျန်းသူများ၏ လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ရွှေဂူတောင်ကျေးရွာအတွင်း ကျရောက်ပေါက်ကွဲခဲ့ပြီး ကျေးရွာနေပြည်သူများ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရ။

- တရားမဝင်မီဒီယာ The Kokang မှ တင်ထားသော ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သိန္နီမြို့၊ တရုတ်ကျေးရွာအတွင်းသို့ တပ်မတော်ဘက်က လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ဟူသည့် သတင်းသည် လုပ်ကြံသတင်းအမှားဖြစ်ပြီး သတင်းအမှန်မှာ







အကြမ်းဖက်သမားများမှ ပစ်ခတ်ခဲ့သည့် လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲ၍ အရပ်သား ၃ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း သိရှိရ။

- တရားမဝင်မီဒီယာများဖြစ်သည့် DVB TV News နှင့် The Kokang တို့မှ တင်ထားသော လောက်ကိုင်တွင် တပ်မတော်မှ အဆိပ်သင့်ဓာတုဗုံးဖြင့် တိုက်ခိုက်ခဲ့ဟူသည့် သတင်းသည် ကောလာဟလသတင်းများဖြစ်ပြီး တပ်မတော်ဘက်မှ အဆိပ်သင့်ဗုံးများ အသုံးပြုတိုက်ခိုက်ခဲ့ခြင်းမရှိကြောင်းနှင့် လက်နက်ကိုင်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ ထိခိုက်ကျဆုံးမှု များပြားလာသည့်အတွက် အဆိုပါအခြေအမြစ်မရှိသော ကောလာဟလသတင်းအမှားများကို လုပ်ကြံဖန်တီးကာ ဝါဒဖြန့်ခြင်းသာဖြစ်ကြောင်း သိရှိရ။

PDF အကြမ်းဖက်သမားများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များကို လူနေအိမ်အတွင်းမှ ချောင်းမြောင်းပစ်ခတ်ခြင်း၊ မိုင်းဆွဲတိုက်ခိုက်ခြင်း၊ ပြည်သူများကို လူသားတံတိုင်းအဖြစ် အကာအကွယ်ယူ အသုံးချခြင်းနှင့် ဆုတ်ခွာထွက်ပြေးချိန်တွင် ပြည်သူများ၏ နေအိမ်များကို မီးရှို့ဖျက်ဆီးခြင်းများ ပြုလုပ်လျက်ရှိပါသည်။ အဆိုပါအကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် သတင်းတု၊ သတင်းမှားများကို လုပ်ကြံရေးသားဖြန့်ဝေခြင်းသာဖြစ်ကြောင်း သိရှိရပါသည်။

(မြဝတီသတင်းစာ ၃-၁-၂၀၂၄)

- **ကောလင်းမြို့နယ်၊ တောင်မော်ရွာကို တပ်မတော်မှ လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ပြည်သူ ၁ ဦးသေဆုံး၊ နေအိမ် ၁ လုံး မီးလောင်ပြာကျခဲ့ဟူသည့်သတင်းသည် မဟုတ်မမှန် သတင်းအတုဖြစ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါရွာအား လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ခြင်းမရှိခဲ့။**

- **တနင်္သာရီမြို့ ညောင်ပင်ကွင်းကျေးရွာကို နှစ်သစ်ကူးချိန်တွင် တပ်မတော်က လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့မှုကြောင့် လူနေအိမ်တချို့ ထိခိုက်ပျက်စီးခဲ့ဟူသည့်သတင်းသည် သတင်းအမှားဖြစ်ပြီး သတင်းအမှန်မှာ PDF အကြမ်းဖက်သမားများက လက်လုပ်စိန်ပြောင်းများဖြင့် ပစ်ခတ်ခဲ့ခြင်းသာဖြစ်။**










- မြောက်ဦးမြို့ရှိ ရဲတပ်ရင်းက လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သောကြောင့် ပြည်သူ ၁ ဦး သေဆုံးကာ ၅ ဦး ဒဏ်ရာရရှိခဲ့ဟူသည့်သတင်းသည် သတင်းအမှားဖြစ်။
- ရှမ်းပြည်နယ်မြောက်ပိုင်း၊ သိန္နီမြို့၊ တရုတ်ကျေးရွာအတွင်းသို့ တပ်မတော်ဘက်က လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ဟူသည့်သတင်းသည် လုပ်ကြံသတင်းအမှားဖြစ်ပြီး သတင်းအမှန်မှာ အကြမ်းဖက်သမားများမှ ပစ်ခတ်ခဲ့သည့် လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲ၍ အရပ်သား ၃ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့။
- လောက်ကိုင်တွင် တပ်မတော်မှ အဆိပ်သင့်ဓာတုဗုံးဖြင့် တိုက်ခိုက်ခဲ့ဟူသည့်သတင်းသည် ကောလာဟလသတင်းများဖြစ်ပြီး တပ်မတော်ဘက်မှ အဆိပ်သင့်ဗုံးများ အသုံးပြုတိုက်ခိုက်ခဲ့ခြင်းမရှိကြောင်း သိရှိရ။

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ပပို့ကုန်များ တိုးမြှင့်ဆောင်ရွက်လျက်ရှိ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ တာဝန်ယူစဉ်ကာလအတွင်း နယ်စပ်ကုန်သွယ်ရေးစခန်းများနှင့် ပုံမှန်ကုန်သွယ်ရေးလမ်းကြောင်းများမှတစ်ဆင့် ပြည်ပပို့ကုန်များ တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ ၁၆-၁၂-၂၀၂၃ မှ ၂၂-၁၂-၂၀၂၃ ရက်နေ့ထိ ရက်သတ္တပတ်တွင်-

- လယ်ယာထွက်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၇၂.၄၇၉ သန်း၊
- တိရစ္ဆာန်ထွက်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၀.၁၄၃ သန်း၊
- ရေထွက်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၆.၃၈၀ သန်း၊
- သတ္တုတွင်းထွက်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃.၇၅၀ သန်း၊
- သစ်တောထွက်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁.၂၅၉ သန်း၊
- စက်မှုကုန်ချောပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၆၆.၅၀၀ သန်း၊
- အခြားပစ္စည်းများတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅.၉၇၁ သန်း ရှိခဲ့ရာ စုစုပေါင်း ပို့ကုန်တင်ပို့မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၆၆.၄၈၂ သန်းရှိ။

ပို့ကုန်အများဆုံးတင်ပို့သည့် နိုင်ငံများမှာ ထိုင်း၊ တရုတ်၊ ဂျပန်၊ အိန္ဒိယ၊ အမေရိကန်၊ ဂျာမနီ၊ ပိုလန်၊ စပိန်၊ တောင်ကိုရီးယားနှင့် အီတလီနိုင်ငံတို့ ဖြစ်ပါသည်။

နှစ်သစ်ကူးကာလဖြစ်၍ မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးထွက်ကုန်များကို ပြည်ပနိုင်ငံများမှ ဝယ်လိုအားအတက်ဘက်သို့ ဦးတည်လျက်ရှိပြီး ယခုရက်သတ္တပတ်အတွင်း ပြည်ပသို့ လယ်ယာထွက်ကုန်ပစ္စည်းများ၊ ပုစွန်နှင့် အခြားရေထွက်ကုန်များ ပိုမိုတင်ပို့နိုင်သကဲ့သို့ စက်မှုကုန်ချောများဖြစ်သည့် CMP ချုပ်ပြီး အထည်များလည်း ပိုမိုတင်ပို့နိုင်ခဲ့ပါသည်။

ထို့ပြင် ကချင်ပြည်နယ် ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းအနေဖြင့် ဒီဇင်ဘာလအတွက် ကုန်သွယ်မှုလျာထားချက်ထက် ပြည့်မီကျော်လွန်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်းနှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းသို့ ၂၀၂၃ ခုနှစ်အတွင်း နိုင်ငံတကာကုန်တင်သင်္ဘောအစင်းရေ ၆၀၀ ကျော် ဆိုက်ကပ်ခဲ့ကြောင်း သိရှိရပါသည်။

(မြဝတီသတင်းစာ ၁-၁-၂၀၂၄)

၁၆-၁၂-၂၀၂၃ မှ ၂၂-၁၂-၂၀၂၃ ရက်နေ့ထိ ရက်သတ္တပတ်တွင်-

- လယ်ယာထွက်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၇၂.၄၇၉ သန်း၊
- တိရစ္ဆာန်ထွက်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၀.၁၄၃ သန်း၊
- ရေထွက်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၆.၃၈၀ သန်း၊
- သတ္တုတွင်းထွက်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃.၇၅၀ သန်း၊
- သစ်တောထွက်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁.၂၅၉ သန်း၊
- စက်မှုကုန်ချောပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၆၆.၅၀၀ သန်း၊
- အခြားပစ္စည်းများတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅.၉၇၁ သန်းရှိခဲ့ရာ စုစုပေါင်း ပို့ကုန်တင်ပို့မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၆၆.၄၈၂ သန်းရှိ။

- ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းသို့ ၂၀၂၃ ခုနှစ်အတွင်း နိုင်ငံတကာကုန်တင် သင်္ဘောအစင်းရေ ၆၀၀ ကျော် ဆိုက်ကပ်ခဲ့။

## စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ ငွေကျပ် ၁ ဒသမ ၅၇ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ၊ စိတ်ကြွရူးသွပ်ဆေးပြားနှင့် အိုက်စ် (မက်သ်အဖက်တမင်း) များ ဖမ်းဆီးရမိ



မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာလ ၃၀ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ တာဟန်းရပ်ကွက်၊ ဒိုးဝိုင်းချောင်း အနီး၌ သိန်းဇော်မောင်းနှင်ပြီး မန့်ရှင်းတွောင်လိုက်ပါလာသည့် LIFAN အမျိုးအစား သုံးဘီးဆိုင်ကယ်အား သတင်းအရရှာဖွေရာ ဒေသကာလတန်ဖိုး ငွေကျပ် ၁ ဒသမ ၅၇ ဘီလီယံကျော် တန်ဖိုးရှိ ဘိန်းဖြူ ၁၃ ဒသမ ၇၅ ကီလို၊ အိုက်စ် (မက်သ်အဖက်တမင်း) ၂၉ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၈,၀၀၀ သိမ်းဆည်း ရမိခဲ့ပါသည်။

စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများအား စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့မှ ချင်းပြည်နယ်၊ တီးတိန်မြို့သို့ သယ်ဆောင်ရောင်းဝယ်ခြင်း ဖြစ်ကြောင်းသိရသဖြင့် ၎င်းတို့ကို ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်းသိရှိရပါသည်။

(မြဝတီသတင်းစာ ၂-၁-၂၀၂၄)

- ကလေးမြို့မှ တီးတိန်မြို့သို့ သယ်ဆောင်ရောင်းဝယ်လျက်ရှိသည့် ဒေသကာလတန်ဖိုး ငွေကျပ် ၁ ဒသမ ၅၇ ဘီလီယံကျော် တန်ဖိုးရှိ ဘိန်းဖြူ ၁၃ ဒသမ ၇၅ ကီလို၊ အိုက်စ် (မက်သ်အဖက်တမင်း) ၂၉ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၈,၀၀၀ သိမ်းဆည်းရမိ၊ ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိ။

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဆက်လက်ဖော်ထုတ်အရေးယူ

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် လိုက်ပါမလုပ်ဆောင်ရန် တားမြစ်ထားသော်လည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့ပြီး အကြမ်းဖက်လုပ်ရပ်များကို အားပေးလုပ်ဆောင်ခဲ့သဖြင့် တရားဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိရာ-

- ဒီဇင်ဘာလ ၂၇ ရက်မှ ဇန်နဝါရီလ ၂ ရက်ထိ ရန်ကုန်တိုင်းဒေသကြီး၌ ၁ ဦး၊ ဧရာဝတီတိုင်းဒေသကြီး၌ ၁ ဦး၊ ပဲခူးတိုင်းဒေသကြီး၌ ၁ ဦးနှင့် မွန်ပြည်နယ်၌ ၁ ဦး၊ စုစုပေါင်း ၄ ဦးတို့ကို ဖမ်းဆီးရမိခဲ့။
- ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်မှ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်ထိ စုစုပေါင်း ၁,၉၀၂ ဦးအား ဥပဒေနှင့်အညီ အရေးယူထားပါသည်။

ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်ကာ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

(မြဝတီသတင်းစာ ၃-၁-၂၀၂၄)

- ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်မှ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်ထိ ရန်ကုန်တိုင်းဒေသကြီး၌ ၁ ဦး၊ ဧရာဝတီတိုင်းဒေသကြီး၌ ၁ ဦး၊ ပဲခူးတိုင်းဒေသကြီး၌ ၁ ဦးနှင့် မွန်ပြည်နယ်၌ ၁ ဦး၊ စုစုပေါင်း ၄ ဦးတို့ကို ဖမ်းဆီးရမိခဲ့။
- ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်မှ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်ထိ စုစုပေါင်း ၁,၉၀၂ ဦးအား ဥပဒေနှင့်အညီ အရေးယူထားရှိ။

# ငြင်းလို့မရတဲ့ AA အဖွဲ့ရဲ့ မူးယစ်ဆေးဝါးကုန်သွယ်မှု



**အောင်မင်္ဂလာအဝေးပြေးကားဝင်းအတွင်းရှိ လေးဝတီကားဂိတ်နှင့် မင်းထက်သာကားဂိတ်တို့တွင် အပ်နှံထားသော မူးယစ်ဆေးဝါးများ ထည့်ထားသည့် ပီနံအိတ် ၇ အိတ်နှင့်အတူ ဖမ်းဆီးခံရသော ခိုင်ခိုင်(ခ)ခိုင်ခိုင်စံ(ခ)စမ်းချေ**

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့ကနေ ၉ ရက်နေ့ အတွင်း AA အဖွဲ့ရဲ့ မြန်မာငွေ ၅၁.၈၇ ဘီလီယံ ၊ အမေရိကန်ဒေါ်လာ ၂၄ သန်းကျော်ဖိုးလောက်ရှိတဲ့ အိုက်စ် ၂.၀၇ တန် အပါအဝင် ကဖင်း ၈၀၀ ကီလို ဖမ်းမိတဲ့ကိစ္စကို အစိုးရမီဒီယာတွေက ကြေညာတော့ AA ဘက်ကနေ သူခိုးက လူပြန်ဟစ်တယ်လို့ တုံ့ပြန်တဲ့အသံကြားလိုက်ရတော့ ကျွန်တော်ပြုံးမိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ဟာ AA အဖွဲ့ရဲ့ မူးယစ်ဆေးဝါးနဲ့ စီးပွားရှာတဲ့ကိစ္စတွေကို အတွင်းကျကျ သိနေတဲ့အပြင် AA အဖွဲ့ရဲ့ တရားမဝင်ဆက်ကြေးကောက်ခံနေမှုတွေ၊ လူသစ်စုဆောင်းမှုတွေကို လုံးဝလက်မခံနိုင်တဲ့ မျိုးချစ်ရခိုင်တစ်ဦးဖြစ်လို့ပါပဲ။ AA အဖွဲ့ကြောင့် ရခိုင်ပြည်နယ်မှာ မတည်မငြိမ်ဖြစ်နေရတာတွေနဲ့ ရခိုင်တွေရဲ့ရန်သူဖြစ်တဲ့ ဘင်္ဂါလီနဲ့ပေါင်းတဲ့ AA အဖွဲ့ကို ဘယ်လိုမှလက်ခံလို့မရတာ ရခိုင်လူမျိုးတစ်ယောက်ရဲ့ မှန်သောသစ္စာစကားပါ။

AA အဖွဲ့ မူးယစ်ဆေးဝါးနဲ့ပတ်သက်သလား/မပတ်သက်ဖူးလား မပြောခင် မိတ်ဆွေတို့မေးကြည့်သင့်တဲ့ မေးခွန်းက AA အပါအဝင် MNDAA ၊ TNLA စတဲ့ လက်နက်ကိုင်အဖွဲ့တွေ ဘယ်ကရတဲ့ပိုက်ဆံတွေနဲ့ လက်နက်တွေတပ်ဆင်ပြီး၊ သူ့တို့ တပ်ဖွဲ့ဝင်တွေကို လစာရိက္ခာပေးနိုင်နေသလဲဆိုတဲ့ မေးခွန်းပါ။ AA အဖွဲ့ လုပ်နေပါတယ်ဆိုတဲ့ (တရားဝင်) စီးပွားရေးလုပ်ငန်း တစ်ခုလောက် ကျွန်တော့်ကို ပြောပြပေးပါ။ ရှိခဲ့ရင်လဲ လက်နက်တွေ အမြောက်အမြားဝယ်နိုင်ဖို့ လုံလောက်တဲ့ အနေအထား ရှိရဲ့လား ပြောပေးပါ။ မိတ်ဆွေတို့မှာ ဖြေဖို့ ခိုင်လုံတဲ့အဖြေမရှိဘူး ဆိုတာ သေချာပါတယ်။ ဒါဆိုရင် AA အဖွဲ့ရပ်တည်နေနိုင်တာ မူးယစ်ဆေးဝါးလုပ်ငန်းကရရှိတဲ့ ငွေတွေနဲ့ ပြည်သူတွေဆီက လည်ပင်းညှစ်ပြီး မသထာရေစာ ရနေတဲ့ ဆက်ကြေးတွေနဲ့ ရပ်တည်နေတယ်ဆိုတာ ငြင်းမရအောင် အဖြေထွက်လာပါပြီ။

တကယ်တော့ AA အဖွဲ့ဟာ စတင်ရပ်တည်ချိန်ကတည်းက မူးယစ်ဆေးဝါးကို အခြေခံတဲ့ စီးပွားရေးလုပ်ငန်းတွေကိုသာ လုပ်ကိုင်ခဲ့ကြတာဖြစ်ပါတယ်။ သူ့ဆရာကတော့ KIA ပါ။ ဒါပေမယ့် AA က ရခိုင်ပြည်နယ်ကနေ တစ်ဘက်နိုင်ငံ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနိုင်ငံတွေကို ကုန်းလမ်းကနေ တင်ပို့တဲ့လမ်းကြောင်းနဲ့ အခြားသော မလေးရှား၊ အင်ဒိုနီးရှား စတဲ့နိုင်ငံတွေကို ရေလမ်းကြောင်းကနေတင်ပို့တဲ့ ဈေးကွက်တွေကို ချဲ့ထွင်နိုင်ခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်နောက်ပိုင်းမှ ပိုမိုခြေလှမ်းသွက်လာကြတာ ဖြစ်ပါတယ်။ ဒါကြောင့် ယခင် NLD အစိုးရလက်ထက်ကတည်းက AA အဖွဲ့နဲ့ ပတ်သက်တဲ့ မူးယစ်ဆေးဝါးဖမ်းဆီးခံရတဲ့ သတင်းတွေ မကြာခဏဆိုသလိုကြားရပြီး ၂၀၁၉ ခုနှစ် ဩဂုတ်လဖြစ်စဉ် တစ်ခုမှာ AA အဖွဲ့ကိုယ်တိုင် သူတို့တပ်ဖွဲ့ဝင်ဟောင်းပါလို့ ထုတ်ဖော်ဝန်ခံရတဲ့ အခြေအနေရှိခဲ့ပါတယ်။ အမှန်တော့ အဖမ်းခံရတဲ့ မခိုင်ခိုင်ဆိုသူဟာ တပ်ဖွဲ့ဝင်ဟောင်းမဟုတ်ပါဘူး။ ၂၀၁၅ ခုနှစ်က ထိုင်းမှာအလုပ်သွားလုပ်ရင်း AA အဖွဲ့ရဲ့ စည်းရုံးသိမ်းသွင်းခြင်းခံရပြီး AA အတွက် လူသစ်ရရှိဖို့နဲ့ မူးယစ်ဆေးဝါးနဲ့ စီးပွားရှာပေးနေတဲ့ ရန်ပုံငွေရှာဖွေရေးအဖွဲ့က ဖြစ်ပါတယ်။



ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ် ကျောက်တန်းစစ်ဆေးရေးဂိတ်တွင်မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိခဲ့သော AA အဖွဲ့ဝင် ၃ ဦး

ယခု ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ဖြစ်စဉ်မှာလည်း အဖမ်းခံရတဲ့ နေလင်းထွန်း ဆိုသူဟာ ၂၀၁၀ ခုနှစ်၊ ကျိုက်အန်းရွာ၊ အရိယာဝါသကျောင်းက ဆရာတော် ဦးအိန္ဒ ချိတ်ဆက်ပေးမှုနဲ့ လိုင်ဇာမြို့ AA စခန်းမှာ အခြေခံစစ်ပညာသင်တန်း အမှတ(၅)အား တက်ရောက်ခဲ့သူဖြစ်ပါတယ်။ ကိုယ်ပိုင်အမှတ်မှ AA-00104 နဲ့ တသအဆင့်မှ တကက အဆင့်အထိထမ်းဆောင်ခဲ့ပြီး ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလမှ ကိုယ်ပိုင်အမှတ်၊ AC-0321 နဲ့ ဒုဗိုလ် ဖြစ်လာတာပါ။



ကိုယ်ပိုင်အမှတ်၊ AC-0037
ထွန်းလင်း(ခ) ပြုံးချို




ကိုယ်ပိုင်အမှတ် AC-0321
နေလင်းထွန်း

ထွန်းလင်း(ခ)ပြုံးချို ဆိုသူဟာလည်း ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလက စစ်တွေမြို့၊ ဒက်ခေါင်းစာသင်တိုက် ဆရာတော် ဉူးသဒ္ဓမ္မ နှင့်ချိတ်ဆက်ပေးမှုကြောင့် လိုင်ဇာအနီး AA စခန်းမှာ နေလင်းထွန်းနဲ့ အပါတ်စဉ်တူ ဖြစ်ပါတယ်။ ကိုယ်ပိုင်အမှတ် AA-00138 တသအဆင့်မှ အရခဗ အဆင့်အထိ ထမ်းဆောင်ခဲ့ပြီး ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလမှာ ကိုယ်ပိုင်အမှတ်၊ AC-0037 ဗိုလ် အဆင့်ရရှိခဲ့တာဖြစ်ပါတယ်။

စိုးထွန်း ဆိုသူကတော့ ၂၀၁၂ ခုနှစ်၊ မေလမှာ AA က ဗိုလ်ကြီးထွန်းအောင်ဖြူရဲ့ စည်းရုံးမှုနဲ့ AA အဖွဲ့ကို ဝင်ရောက်လာပြီး လိုင်ဇာ၊ ကချင်သင်တန်းကွင်းမှာဖွင့်တဲ့ စစ်အခြေခံသင်တန်း အမှတ(၈) တက်ရောက်ခဲ့သူဖြစ်ပါတယ်။ ကိုယ်ပိုင်အမှတ် AA-00178 နဲ့ တသအဆင့်မှ တကကအဆင့်ထိ ထမ်းဆောင်ခဲ့ပြီး ၂၀၁၉ ခုနှစ်၊ မတ်လတွင် ကိုယ်ပိုင်အမှတ်၊ AC-0304 ဗိုလ် အဆင့်ရရှိခဲ့ပါတယ်။



ကိုယ်ပိုင်အမှတ် AC-0304
စိုးထွန်း






AA အဖွဲ့မှ ဗိုလ်မှူးကြီးအဆင့်ရှိ ကျော်မြတ်ဦး (ခ)မောင်နိုင်(ခ)လောပန်း(ခ) သားသား(ခ) ဝေသာထွန်းနှင့် ၎င်းကိုင်ဆောင်သည့် တရားဝင်မှတ်ပုံတင်



**ကိုယ်ပိုင်အမှတ် AA– 00287**
**ကျော်ဟန်**

ကျော်ဟန်ဆိုသူကတော့ ၂၀၁၆ ခုနှစ်မှာ မြောက်ဦးမြို့၊ မဟိမ်ကြီးရပ်ကွက်၌ နေထိုင်နေတုန်းမှာ AA အဖွဲ့၏ လူသစ်စုဆောင်းမှုခံရပြီး ကျောက်တော်မြို့နယ်၊ နမတာကျေးရွာ၊ မီးဝစခန်းမှာ သင်တန်းတက်ခဲ့သူဖြစ်ပါတယ်။ ကိုယ်ပိုင်အမှတ်၊ A–00287 နဲ့ တသအဆင့်မှ တကကအဆင့်ထိ ထမ်းဆောင်နေသူဖြစ်ပါတယ်။



**ကိုယ်ပိုင်အမှတ် AA–18923**
**ထွန်းနု**

ထွန်းနု ဆိုသူကတော့ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလမှာ AA အဖွဲ့၏ လူသစ်စုဆောင်းခံရပြီး မီးဝစခန်းမှာ သင်တန်းတက်ခဲ့ပြီး ကိုယ်ပိုင်အမှတ်၊ AA–18923 တသအဆင့်နဲ့ လက်ရှိအချိန်ထိ တာဝန်ထမ်းနေသူဖြစ်ပါတယ်။



**ကိုယ်ပိုင်အမှတ် AA–15473**
**ကျော်လင်းဆန်း**

ကျော်လင်းဆန်းကလည်း ၂၀၂၀ ခုနှစ်၊ မေလမှာ AA အဖွဲ့၏ လူသစ်စုဆောင်းခြင်းခံရပြီး လိုင်ဇာမြို့မှာ အခြေခံစစ်ပညာသင်တန်း၊ အမစ(၅၇)အား တက်ရောက်ခဲ့သူဖြစ်ပါတယ်။ ကိုယ်ပိုင်အမှတ်၊ AA–15473 တသအဆင့်နဲ့ လက်ရှိအချိန်အထိ တာဝန်ထမ်းဆောင်နေသူဖြစ်ပါတယ်။

ဒီအဖွဲ့တွေအားလုံးဟာ AA အဖွဲ့က ဗိုလ်မှူးကြီးအဆင့်ရှိတဲ့ ကျော်မြတ်ဦး (ခ)မောင်နိုင်(ခ)လောပန်း(ခ) သားသား(ခ) ဝေသာထွန်း အောက်မှာ မူးယစ်ဆေးဝါးနဲ့ ရန်ပုံငွေရှာဖွေရေး

ကိစ္စတွေ ဆောင်ရွက်နေကြတာဖြစ်ပါတယ်။ ကျော်မြတ်ဦး နာမည်နဲ့ တရားဝင်မှတ်ပုံတင်ကိုင်ဆောင်ထားသူဖြစ်ပါတယ်။

ဒီလောက်အချက်အလက်တွေ သိရရင် မိတ်ဆွေတို့ အနေနဲ့ AA အဖွဲ့အနေနဲ့ မူးယစ်ဆေးဝါးနဲ့ မပတ်သက်ပါဘူး ဆိုတဲ့ ပြောင်လိမ်ပြောင်စား ငြင်းလုံးတွေကို အကဲဖြတ်နိုင်ကြပြီ ဖြစ်ပါတယ်။ AA အဖွဲ့အပါအဝင် အခုနာမည်ကြီးနေတဲ့ မြောက်ပိုင်း ၃ ဖွဲ့ဆိုတဲ့ လက်နက်ကိုင်တွေရဲ့ မူးယစ်ရာဇဝင်တွေကို အလျဉ်း သင့်သလို ဖော်ထုတ်ပေးပါဦးမယ်။ ဒီအဖွဲ့တွေက တစ်ဖွဲ့နဲ့ တစ်ဖွဲ့ ဆက်စပ်နေကြတဲ့ ပုလင်းတူဖုံးစို့တွေ ဖြစ်ပါတယ်။

ရခိုင်လူမျိုးနဲ့ ရခိုင်ပြည်နယ်ကိုချစ်နင်းပြီး ကိုယ်ကျိုးရှာ ရခိုင်လူမျိုးတစ်စုရဲ့ လုပ်ရပ်တွေကြောင့် ရခိုင်ပြည်နယ်တည်ငြိမ် အေးချမ်းရေး ပျက်ပြားနေတာကို မလိုလားပါဘူး။ AA အဖွဲ့ဟာ ရခိုင်လူမျိုးအများစုနဲ့ဖွဲ့စည်းထားတဲ့ လက်နက်ကိုင်အကြမ်းဖက် အဖွဲ့ဖြစ်ပေမယ့် ရခိုင်လူမျိုးတိုင်းလက်ခံထားတဲ့ အဖွဲ့အစည်း မဟုတ်ပါဘူး။ အထူးသဖြင့် လူသားမျိုးနွယ်တစ်ခုလုံးအတွက် အန္တရာယ်ရှိတဲ့ မူးယစ်ဆေးဝါးနဲ့ ဘဏ္ဍာငွေ ရှာဖွေနေတဲ့ မူးယစ်ဆေးဝါးရောင်းဝယ်ကုန်ကူးနေတဲ့ မူးယစ်ဂိုဏ်းဖြစ်လို့ တည်ငြိမ်အေးချမ်းရေးကို လိုလားတဲ့ ရခိုင်လူမျိုးတစ်ဦးအနေနဲ့ လုံးဝလက်မခံပါဘူး။ ဒါကြောင့် AA အဖွဲ့ရဲ့ ငြင်းလို့မရတဲ့ မူးယစ်ဆေးဝါးကုန်သွယ်မှုများကို အများပြည်သူတွေ သိရှိအောင် ဖော်ထုတ်ရေးသားလိုက်ရခြင်းဖြစ်ပါတယ်။

(The Global New Light of Myanmar Newspaper ၂၈-၁၂-၂၀၂၃)